သတ္တုတွင်းဦးစီးဌာန ★ ၉၃၀ ရက်စွဲ ၂၈-၄-၂၀၁၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၂ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းအတွက် ပေးသွင်းရမည့် လွှဲပြောင်းခဆိုင်ရာ အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၉၊ နည်းဥပဒေခွဲ(က)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၈၊ ၁၅၉ တို့နှင့်အညီ ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခြင်းအတွက် ပေးသွင်းရမည့် လွှဲပြောင်းခနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ဓာတ်သတ္တုရှာဖွေခြင်း၊ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း၊ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း

| | | | |
|---|---|---|---|
| (၁) | ဓာတ်သတ္တုအသေးစား | - | ကျပ် ၂၅ သိန်း၊ |
| (၂) | ဓာတ်သတ္တုအလတ်စား | - | ကျပ်သိန်း ၁၀၀၊ |
| (၃) | ဓာတ်သတ္တုအကြီးစား | - | ကျပ်သိန်း ၂၀၀၊ |

(ခ) ဓာတ်သတ္တုထုတ်လုပ်ခြင်း

| | | | |
|---|---|---|---|
| (၁) | ဓာတ်သတ္တုအသေးစား | - | ကျပ်သိန်း ၅၀၊ |
| (၂) | ဓာတ်သတ္တုအလတ်စား | - | ကျပ်သိန်း ၂၀၀၊ |
| (၃) | ဓာတ်သတ္တုအကြီးစား | - | ကျပ်သိန်း ၄၀၀၊ |

၂။ ဓာတ်သတ္တုလုပ်ငန်းခွင့်ပြုမိန့်ရရှိသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၈ နှင့် ၁၅၉ တို့ပါ လွှဲပြောင်းခြင်း ကိစ္စရပ်များကို ခွင့်ပြုပေးရန် တင်ပြရာတွင် အောက်ဖော်ပြပါကိစ္စရပ်တို့နှင့်စပ်လျဉ်းသည့် ခွင့်ပြုချက် အထောက်အထားများကို ကြိုတင်ဆောင်ရွက်ရယူ၍ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူထားသော ဓာတ်သတ္တုလုပ်ငန်းဖြစ်လျှင် ထိုသို့ ခွင့်ပြုမိန့်လွှဲပြောင်းခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းတို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ တို့နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

၁၉၆၉
၂၉.၄.၂၀

(ခ) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏အစုရှယ်ယာများနှင့် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များ လွှဲပြောင်းခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၈၃ နှင့် ၈၆ တို့အရ ကုမ္ပဏီနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင်ရေးသွင်းဆောင်ရွက်ပြီး ဖြစ်ရမည်။

၃။ မူလ ဓာတ်သတ္တုခွင့်ပြုမိန့်နှင့်စပ်လျဉ်းသည့် အစုရှယ်ယာဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များကိုအသစ်ထည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ပြောင်းလဲခြင်းတို့ကြောင့် အစုရှယ်ယာလွှဲပြောင်းခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဆောင်ရွက်ထားရှိသည့် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCo)တွင် ဖော်ပြထားသော ကုမ္ပဏီတွင်ပါဝင်သူများစာရင်းအရ အစုရှယ်ယာ အရေအတွက် သို့မဟုတ် ဒါရိုက်တာ အရေအတွက် သုံးပုံတစ်ပုံနှင့်အထက် ပြောင်းလဲလျှင် ပြောင်းလဲသည့်နေ့မှစ၍ ၂၁ ရက်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဓာတ်သတ္တုခွင့်ပြုမိန့်လွှဲပြောင်းခွင့်ပြုရန် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး လွှဲပြောင်းခကို အထက် အပိုဒ် ၁ ပါသတ်မှတ်နှုန်းထားပေါ်တွင် အချိုးကျ ပေးသွင်းနိုင်သည်။ လွှဲပြောင်းခကို လွှဲပြောင်းခွင့်ပြုမိန့် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း(၉၀) အတွင်း အပြီးပေးသွင်းရမည်။ တည်ဆဲအခွန်ဥပဒေများအရ အခြေပစ္စည်းဖြစ်သောအစုရှယ်ယာလွှဲပြောင်းခြင်းအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိပါက ယင်းမြတ်စွန်းငွေအပေါ်ကျသင့်သည့် အခွန်ထမ်းဆောင်ရမည်။

၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော ဓာတ်သတ္တုလုပ်ငန်းဖြစ်ပါက အထက်အပိုဒ် ၁ ပါသတ်မှတ်နှုန်းထားကို မြန်မာကျပ်ငွေနှင့်ညီမျှသော နိုင်ငံခြားငွေအမေရိကန်ဒေါ်လာဖြင့် ပေးသွင်းရမည်။

၅။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့က ခွင့်ပြုထုတ်ပေးထားသည့် လွှဲပြောင်းခြင်းကိစ္စတို့ နှင့်စပ်လျဉ်း၍ လွှဲပြောင်းခကို သတ္တုတွင်းဦးစီးဌာနက သတ်မှတ်ထားသည့် ငွေစာရင်းသို့ ပေးသွင်းရမည်။

၆။ တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက ခွင့်ပြုထုတ်ပေးထားသည့် လွှဲပြောင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ လွှဲပြောင်းခကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန(ရုံးခွဲ)၏ စိစစ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရမည်။

၇။ လွှဲပြောင်းခြင်း ကိစ္စရပ်များအတွက် အပိုဒ် ၃ ပါသတ်မှတ်ထားသည့် ကာလထက်ကျော်လွန်၍ တင်ပြလာပါက ကျော်လွန်သည့်နေ့မှစ၍ တစ်လလျှင် လွှဲပြောင်းခ၏ ၃ ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ကြေးကို ရက်လွန်ကြေးအဖြစ် ပေးသွင်းရမည်။

၈။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များက အထက်အပိုဒ် ၁ ပါ ဖော်ပြထားသော လွှဲပြောင်းခနွန်းထားများကို ကာလပေါက်ဈေးနှုန်းနှင့် လျော်ညီမှုရှိစေရန် သုံးသပ်၍ အခါအားလျော်စွာ ပြင်ဆင်နိုင်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၃၅ ခွဲ(၂)၂၀/သတ္တု(၄၆၇၅ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

✓သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

27/4/20

မင်းမင်းဦး

အမြဲတမ်းအတွင်းဝန်